ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့
နေပြည်တော်

ညွှန်ကြားချက်အမှတ် ၁ / ၂၀၂၀
၁၃၈၁ ပြည့်နှစ် တပေါင်းလဆန်း (၁၁) ရက်
(၂၀၂၀ ပြည့်နှစ် မတ်လ ၄ ရက်)

# အာမခံကိုယ်စားလှယ်ဆိုင်ရာ ညွှန်ကြားချက်

၁။ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သည် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေပုဒ်မ ၃၈ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အာမခံကိုယ်စားလှယ်များဆိုင်ရာ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

## အဓိပ္ပါယ်သတ်မှတ်ချက်များ

၂။ ဤညွှန်ကြားချက်တွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည် -

(က) **အာမခံကိုယ်စားလှယ်** ဆိုသည်မှာ မြန်မာနိုင်ငံတွင် လိုင်စင်ရရှိထားသော အာမခံကုမ္ပဏီ၏ အာမခံပေါ်လစီ ရောင်းချရန်အတွက် ဆွဲဆောင်စည်းရုံးခြင်း၊ ညှိနှိုင်းခြင်းနှင့် ဆွေးနွေးတိုင်ပင်ခြင်း စသည့် အာမခံဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသူကို ဆိုသည်။

(ခ) **ကော်ပိုရိတ်အာမခံကိုယ်စားလှယ်** ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ သို့မဟုတ် အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းမှတ်ပုံတင်ထားပြီး လိုင်စင်ရ အာမခံကိုယ်စားလှယ်များပါဝင်သည့် အာမခံကိုယ်စားလှယ်အဖွဲ့အစည်း လုပ်ငန်းလိုင်စင် ရရှိသည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ဂ) **မှတ်ပုံတင်စာရင်း** ဆိုသည်မှာ မြန်မာနိုင်ငံအာမခံအသင်းမှ ပြုစုထိန်းသိမ်းထားပြီး ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့တင်ပြသော အာမခံကိုယ်စားလှယ် စာရင်းကို ဆိုသည်။

(ဃ) **အာမခံကုမ္ပဏီ** ဆိုသည်မှာ အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေနှင့်အညီ မြန်မာနိုင်ငံတွင် လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ရရှိထားသည့် အသက်အာမခံကုမ္ပဏီများနှင့် အထွေထွေအာမခံကုမ္ပဏီများကို ဆိုသည်။

(င) **အာမခံရောင်းချရန် ဆွဲဆောင်စည်းရုံးခြင်း** ဆိုသည်မှာ အာမခံကုမ္ပဏီကိုယ်စား ကြားခံဆက်သွယ်သည့် ပုဂ္ဂိုလ်ကဖြစ်စေ၊ ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခုခုက

ဖြစ်စေ အာမခံရောင်းချရန် ဆွဲဆောင်စည်းရုံးခြင်း၊ ညှိနှိုင်းခြင်းနှင့် ဆွေးနွေးတိုင်ပင်ခြင်း ကိုဆိုသည်။

(စ) **အာမခံကိုယ်စားလှယ်သင်တန်းကျောင်း** ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ သို့မဟုတ် အခြားတည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ဖွဲ့စည်းမှတ်ပုံတင်ထားပြီး အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ စံသတ်မှတ်ချက်များနှင့်အညီ အာမခံအသိပညာ ဖြန့်ဝေသင်ကြားပေးရန် တရားဝင်အသိအမှတ်ပြုထားသော သင်တန်းကျောင်းကို ဆိုသည်။

(ဆ) **အာမခံကိုယ်စားလှယ် အရည်အချင်းစစ်ဆေးသည့် စင်တာ** ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ သို့မဟုတ် အခြားတည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ဖွဲ့စည်းမှတ်ပုံတင်ထားပြီး အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ စံသတ်မှတ်ချက်များနှင့်အညီ အာမခံကိုယ်စားလှယ် အရည်အချင်းစစ်ဆေးပေးရန် တရားဝင်အသိအမှတ်ပြုထားသော အရည်အချင်းစစ်ဆေးသည့် စင်တာကိုဆိုသည်။

## ရည်ရွယ်ချက်

၃။ ဤညွှန်ကြားချက်၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အာမခံကိုယ်စားလှယ်များသည် အာမခံရောင်းချရန် ဆွဲဆောင်စည်းရုံးခြင်းကို အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က ချမှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်စေရန်၊

(ခ) အာမခံကုမ္ပဏီများနှင့် ကိုယ်စားလှယ်များသည် အာမခံပေါ်လစီ သက်တမ်းတစ်လျှောက် ဆောင်ရွက်ပေးရမည့် တာဝန်ဝတ္တရားများကို အာမခံပေါ်လစီ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်စေရန်။

## လိုင်စင်ရယူခြင်း

၄။ အာမခံကိုယ်စားလှယ်သည် အာမခံဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရန် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ထံမှ လိုင်စင်ရယူရမည်။ ယင်းသို့ ရယူရာတွင်-

(က) အသက်အာမခံကုမ္ပဏီအတွက် ကိုယ်စားလှယ်အဖြစ် လုပ်ကိုင်ရန် အသက်အာမခံကိုယ်စားလှယ်လိုင်စင်ရရှိထားရမည်။ အသက်အာမခံကုမ္ပဏီသည် ၎င်းကုမ္ပဏီအတွက်သာလုပ်ကိုင်ရမည့် စည်းနှောင်အသက်အာမခံကိုယ်စားလှယ် (Tied Life Agent) ကို ခန့်အပ်နိုင်သည်။ စည်းနှောင်ကိုယ်စားလှယ်မဟုတ်သည့် အသက်အာမခံကိုယ်စားလှယ်သည် အသက်အာမခံကုမ္ပဏီ အများဆုံးနှစ်ခုနှင့်သာ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခွင့်ရှိသည်။ အသက်အာမခံ ကိုယ်စားလှယ်သည် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က ခွင့်ပြုထားသည့် အသက်အာမခံအမျိုးအစားများကိုသာ ရောင်းချရန် ဆွဲဆောင်စည်းရုံးခြင်း၊ ဆွေးနွေးခြင်းနှင့် ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်ရမည်။

(ခ) အထွေထွေအာမခံကုမ္ပဏီ၏ ကိုယ်စားလှယ်အဖြစ် လုပ်ကိုင်ရန် အထွေထွေအာမခံ ကိုယ်စားလှယ် လိုင်စင်ရရှိထားရမည်။ အထွေထွေအာမခံ ကိုယ်စားလှယ်သည် အထွေထွေအာမခံကုမ္ပဏီ အများဆုံးသုံးခုနှင့်သာ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခွင့်ရှိသည်။ အထွေထွေအာမခံ ကိုယ်စားလှယ်သည် အာမခံလုပ်ငန်းကြီးကြပ်ရေး အဖွဲ့က ခွင့်ပြုထားသည့် အထွေထွေအာမခံအမျိုးအစားများကိုသာ ရောင်းချရန် ဆွဲဆောင်စည်းရုံးခြင်း၊ ဆွေးနွေးခြင်းနှင့် ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်ရမည်။

(ဂ) အသက်အာမခံကုမ္ပဏီအတွက် ကော်ပိုရိတ် အာမခံကိုယ်စားလှယ်အဖြစ် လုပ်ကိုင်ရန် လိုင်စင်ရ အသက်အာမခံ ကိုယ်စားလှယ်များပါဝင်သည့် ကော်ပိုရိတ် အသက်အာမခံ ကိုယ်စားလှယ်လိုင်စင် ရရှိထားရမည်။ ကော်ပိုရိတ်အသက်အာမခံကိုယ်စားလှယ်သည် အသက်အာမခံကုမ္ပဏီ အများဆုံးနှစ်ခုနှင့်သာ ကိုယ်စားလှယ်ခန့်အပ်ခြင်း စာချုပ်ချုပ်ဆိုနိုင်သည်။ ကော်ပိုရိတ်အသက်အာမခံကိုယ်စားလှယ်သည် ၎င်း၏ တစ်ဦးချင်း ကိုယ်စားလှယ်များမှတစ်ဆင့် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က ခွင့်ပြုထားသည့် အသက်အာမခံအမျိုးအစားများကိုသာ ရောင်းချရန် ဆွဲဆောင်စည်းရုံးခြင်း၊ ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်းနှင့် ပရီမီယံကောက်ခံပေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

(ဃ) အထွေထွေအာမခံကုမ္ပဏီများအတွက် ကော်ပိုရိတ် အာမခံကိုယ်စားလှယ်အဖြစ် လုပ်ကိုင်ရန် လိုင်စင်ရ အထွေထွေအာမခံကိုယ်စားလှယ်များပါဝင်သည့် ကော်ပိုရိတ် အထွေထွေအာမခံ ကိုယ်စားလှယ်လိုင်စင်ရှိရမည်။ ကော်ပိုရိတ် အထွေထွေအာမခံ ကိုယ်စားလှယ်သည်အထွေထွေအာမခံကုမ္ပဏီ အများဆုံးသုံးခုနှင့်သာ ကိုယ်စားလှယ် ခန့်အပ်ခြင်း စာချုပ်ချုပ်ဆိုနိုင်သည်။ ကော်ပိုရိတ် အထွေထွေအာမခံ ကိုယ်စားလှယ်သည် ၎င်း၏ကိုယ်စားလှယ်များမှတစ်ဆင့် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က ဥပဒေအရ ခွင့်ပြုထားသည့် အထွေထွေအာမခံ အမျိုးအစားများကိုသာ ရောင်းချရန် ဆွဲဆောင်စည်းရုံးခြင်း၊ ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်းနှင့် ပရီမီယံကောက်ခံပေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

## အာမခံကိုယ်စားလှယ်လိုင်စင်ရယူရန် လုပ်ငန်းစဉ်

၅။ ကိုယ်စားလှယ်လိုင်စင် လျှောက်ထားသူသည် အာမခံကိုယ်စားလှယ်သင်တန်းကျောင်းမှ ဖွင့်လှစ်သည့် သင်တန်းသို့ လည်းကောင်း၊ အာမခံကုမ္ပဏီမှ ၎င်း၏ အာမခံကိုယ်စားလှယ်များအတွက် ဖွင့်လှစ်သည့် သင်တန်းသို့ လည်းကောင်း တက်ရောက်၍ အာမခံကိုယ်စားလှယ် အရည်အချင်း စစ်ဆေးသည့် စင်တာမှ ပြုလုပ်ကျင်းပသည့် အရည်အချင်း စစ်စာမေးပွဲကို ဝင်ရောက်ဖြေဆို အောင်မြင်ရမည်။

## ကိုယ်စားလှယ်များကို သင်တန်းပေးခြင်း

၆။ (က) အာမခံကိုယ်စားလှယ် သင်တန်းကျောင်း သို့မဟုတ် အာမခံကုမ္ပဏီများသည် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က အတည်ပြုထားသော သင်ရိုးညွှန်းတမ်းနှင့်အညီ ကိုယ်စားလှယ်များကို သင်တန်းပေးရမည်။

(ခ) မြန်မာနိုင်ငံအာမခံအသင်းသည်အာမခံကိုယ်စားလှယ်သင်တန်းအတွက် လိုအပ်သည့် သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် သင်တန်းစာအုပ်များကိုပြုစု၍ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်။

(ဂ) အာမခံကုမ္ပဏီများသည် မြန်မာနိုင်ငံ အာမခံအသင်း၏ အဖွဲ့ဝင်ဖြစ် ရမည့်အပြင် ကိုယ်စားလှယ်သင်တန်းအတွက် လိုအပ်သည့် အာမခံပညာရပ်ဆိုင်ရာ ရည်ညွှန်းစာအုပ်များကို မြန်မာနိုင်ငံအာမခံအသင်းသို့ ပံ့ပိုးပေးရမည်။

(ဃ) အာမခံကိုယ်စားလှယ်သင်တန်းကျောင်းသည် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် သင်တန်းကြေးကောက်ခံနိုင်သည်။

## ကိုယ်စားလှယ်များအတွက် အရည်အချင်းစစ်စာမေးပွဲ ကျင်းပခြင်း

၇။ အာမခံကိုယ်စားလှယ်အရည်အချင်းစစ်ဆေးသည့် စင်တာသည်-

(က) အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ အရည်အချင်းစစ်စာမေးပွဲများ ကျင်းပရမည်။

(ခ) အရည်အချင်းစစ် စာမေးပွဲကျင်းပခြင်းကို တစ်နှစ်လျှင် အနည်းဆုံးနှစ်ကြိမ် ဆောင်ရွက်ရမည်။

(ဂ) စာမေးပွဲဖြေဆိုမည့် အာမခံကိုယ်စားလှယ်လောင်းများ၏ သတ်မှတ်အရည်အချင်း ပြည့်မှီမှု ရှိ/မရှိ စိစစ်၍ အရည်အချင်း ပြည့်မှီသူများကိုသာ ဝင်ရောက်ဖြေဆို ခွင့်ပြုရမည်။

(ဃ) အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် စာမေးပွဲဖြေဆိုမည့် အာမခံကိုယ်စားလှယ်လောင်းများထံမှ စာမေးပွဲကြေးကောက်ခံနိုင်သည်။

## ကိုယ်စားလှယ်လောင်းများအတွက် အရည်အချင်းသတ်မှတ်ချက်များ

၈။ ကိုယ်စားလှယ်လောင်းတစ်ဦးသည် အောက်ဖော်ပြပါ အချက်များနှင့် ကိုက်ညီရမည်-

(က) မြန်မာနိုင်ငံတွင် အခြေချနေထိုင်သူ ဖြစ်ရမည်၊

(ခ) တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ပြီးသူဖြစ်ရမည် သို့မဟုတ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ မအောင်မြင်သူဖြစ်ပါက အာမခံနယ်ပယ်တွင် လုပ်သက် (၅) နှစ်ရှိသူ ဖြစ်ရမည်၊

(ဂ) လူမွဲအဖြစ် ကြေညာခြင်းခံရသူမဖြစ်စေရ၊

(ဃ) ပြစ်မှုထင်ရှားစီရင်ခံရသူ မဖြစ်စေရ၊

(င) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်အဖွဲ့အစည်းများအား ငွေကြေးထောက်ပံ့မှုတို့တွင် ပါဝင်ပတ်သက်သူ မဖြစ်ရ၊

(စ) မြန်မာနိုင်ငံ သို့မဟုတ် အခြားနိုင်ငံတစ်ခုခုတွင် အာမခံကိုယ်စားလှယ် သို့မဟုတ် အကျိုးဆောင်လိုင်စင် သို့မဟုတ် အလားတူ လိုင်စင်တစ်မျိုးမျိုးအား ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ရုတ်သိမ်းခြင်းခံရသူ မဖြစ်ရ၊

(ဆ) မသမာမှု၊ လိမ်လည်မှု သို့မဟုတ် အလွဲသုံးစားမှုစသည့် ပြစ်မှုတစ်ခုခုအတွက် တရားရုံးတွင် တရားစွဲဆိုခံရသူ မဖြစ်စေရ၊

(ဇ) ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနက အခါအားလျော်စွာထုတ်ပြန်သည့် အခြားလိုအပ်ချက်များနှင့် ကိုက်ညီရမည်။

၉။ အာမခံကိုယ်စားလှယ်အရည်အချင်း စစ်ဆေးသည့်စင်တာသည် ဤညွှန်ကြားချက်အပိုဒ် (၈) တွင် ဖော်ပြထားသော သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိပြီး အရည်အချင်းစစ်စာမေးပွဲ အောင်မြင်သူများကိုသာ ကိုယ်စားလှယ်လောင်းအဖြစ် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ အမည်စာရင်း အဆိုပြုပေးပို့ရမည်။

**အာမခံကိုယ်စားလှယ်လိုင်စင်ထုတ်ပေးရန် ခွင့်ပြုချက်ရယူခြင်း**

၁၀။ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် အရည်အချင်းစစ်ဆေးသည့်စင်တာမှ တင်ပြလာသော သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိပြီး အရည်အချင်းစစ်စာမေးပွဲ အောင်မြင်သူများ စာရင်းကို စိစစ်၍ ကိုယ်စားလှယ်လိုင်စင် ပေးအပ်ရန် အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြ ခွင့်ပြုချက်ရယူရမည်။ အာမခံ ကိုယ်စားလှယ် လိုင်စင်သက်တမ်းသည် (၂) နှစ်ဖြစ်သည်။ လိုင်စင် သက်တမ်းမကုန်မီ အနည်းဆုံး တစ်လကြိုတင်၍ သက်တမ်းတိုးမြှင့်ရန် လျှောက်ထားရမည် ဖြစ်ပြီး လျှောက်ထားချိန်တွင် အာမခံကိုယ်စားလှယ်သည် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီး ဌာနမှ သတ်မှတ်သည့် စဉ်ဆက်မပြတ်လေ့လာသင်ယူရမည့် အချိန်သတ်မှတ်ချက် (Continuous Professional Development Hour) နှင့် ပြည့်မီရမည်။

၁၁။ ကိုယ်စားလှယ်လိုင်စင်ထုတ်ပေးရန် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က အကြောင်းပြချက် ဖြင့် ငြင်းပယ်ပါက အာမခံကိုယ်စားလှယ်အရည်အချင်းစစ်ဆေးသည့် စင်တာသည် ငြင်းပယ်ခံရ သော ပုဂ္ဂိုလ်များထံ အကြောင်းကြားရမည်။

**ကော်ပိုရိတ်အာမခံကိုယ်စားလှယ်လိုင်စင်ရရှိရန် လုပ်ငန်းစဉ်များ**

၁၂။ ကော်ပိုရိတ်အာမခံကိုယ်စားလှယ်သည် အောက်ဖော်ပြပါ အချက်များဖြင့် အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့သို့ လိုင်စင်လျှောက်ထားရမည်-

(က) ကော်ပိုရိတ်အာမခံကိုယ်စားလှယ်၏ တရားဝင်အမည်၊ ဖွဲ့စည်းတည်ထောင်သည့်နေ့စွဲ၊ (ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသောမှတ်ပုံတင်မိတ္တူမှန်)

(ခ) ရုံးချုပ်လိပ်စာနှင့် တာဝန်ခံကိုယ်စားလှယ်အမည်၊

(ဂ) ဒါရိုက်တာအဖွဲ့ဝင်များ၏ အမည်နှင့်လိပ်စာများ၊

(ဃ) အာမခံကိုယ်စားလှယ်လုပ်ငန်းများအပြင် အဓိကစီးပွားရေး လုပ်ငန်းများ၊

(င) ကုမ္ပဏီ၏ ဖွဲ့စည်းမှုအခြေခံစည်းမျဉ်းမိတ္တူမှန်၊

(စ) လုပ်ငန်းဆောင်ရွက်မည့် အာမခံကိုယ်စားလှယ်များစာရင်းနှင့် လိုင်စင်မိတ္တူမှန်များ၊

(ဆ) ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနက သတ်မှတ်သော အခြားကိစ္စရပ်များ။

၁၃။ ကော်ပိုရိတ်အာမခံကိုယ်စားလှယ်အနေဖြင့် အနည်းဆုံးမတည်ရင်းနှီးငွေ မြန်မာကျပ် (၁၅၀) သိန်း ရှိရမည်။ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနသည် လိုအပ်ပါက အာမခံကိုယ်စားလှယ်များ၏ မတည်ရင်းနှီးငွေကို ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှု ပမာဏအပေါ် မူတည်၍ တိုးမြှင့်နိုင်သည်။

၁၄။ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် ကော်ပိုရိတ်အာမခံ ကိုယ်စားလှယ်အတွက် လျှောက်ထားသော လျှောက်လွှာများကို စိစစ်၍ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်။

**ကော်ပိုရိတ်အာမခံကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ရန် အရည်အချင်းသတ်မှတ်ချက်များ**

၁၅။ ကော်ပိုရိတ်အာမခံကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ရန် အောက်ဖော်ပြပါ အချက်များနှင့် ကိုက်ညီရမည်-

(က) ကော်ပိုရိတ်အာမခံကိုယ်စားလှယ်တွင် လုပ်ငန်းဆောင်ရွက်မည့် ပုဂ္ဂိုလ်များသည် အာမခံကိုယ်စားလှယ်လိုင်စင် ရရှိထားရမည်၊

(ခ) ငွေရေးကြေးရေးအဖွဲ့အစည်းရှိ လုပ်ငန်းဆောင်ရွက်မည့် ပုဂ္ဂိုလ်များတွင် အာမခံကိုယ်စားလှယ်လိုင်စင် ရရှိထားသူ အနည်းဆုံး (၃) ဦး ပါဝင်ရမည်၊

(ဂ) ကော်ပိုရိတ်အာမခံကိုယ်စားလှယ်သည် အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့် အခြားတည်ဆဲဥပဒေများအရ အရေးယူခံထားခြင်း မရှိစေရ။

(ဃ) ကော်ပိုရိတ်အာမခံကိုယ်စားလှယ်တွင် ပါဝင်သည့် စီမံခန့်ခွဲမှုအဆင့်ရှိ ပုဂ္ဂိုလ်သည် အခြားအာမခံ လုပ်ငန်းတွင် တာဝန်ထမ်းဆောင်နေသူ မဖြစ်ရ။

(င) ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနက သတ်မှတ်သောအခြားလိုအပ်ချက်များကို ပြည့်မီရမည်။

## ကော်ပိုရိတ်အာမခံကိုယ်စားလှယ်လိုင်စင်ထုတ်ပေးရန်ခွင့်ပြုချက်ရယူခြင်း

၁၆။ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် ကော်ပိုရိတ်အာမခံကိုယ်စားလှယ်အဖြစ် ဆောင်ရွက်မည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းမှ တင်ပြလာမှုအပေါ် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ / မရှိ စိစစ်၍ ကော်ပိုရိတ် အာမခံကိုယ်စားလှယ်လိုင်စင် ပေးအပ်ရန် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သို့ တင်ပြခွင့်ပြုချက် ရယူရမည်။ ကော်ပိုရိတ်အာမခံကိုယ်စားလှယ်လိုင်စင်သက်တမ်းသည် (၁) နှစ်ဖြစ်သည်။ လိုင်စင်သက်တမ်းမကုန်မီ အနည်းဆုံး တစ်လကြိုတင်၍ သက်တမ်းတိုးမြှင့်ရန် လျှောက်ထားရမည်ဖြစ်ပြီး လျှောက်ထားချိန်တွင် လုပ်ငန်းဆောင်ရွက်မည့် အာမခံကိုယ်စားလှယ်စာရင်းကို တစ်ပါတည်းတင်ပြရမည်။

၁၇။ ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုသည် အာမခံကုမ္ပဏီတစ်ခုကိုယ်စား အာမခံရောင်းချရန် ဆွဲဆောင်စည်းရုံးခြင်း၊ ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်းနှင့် ပရီမီယံကောက်ခံပေးခြင်းတို့ကို ဆောင်ရွက်နိုင်ရန်အတွက် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေနှင့် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ ညွှန်ကြားချက်များနှင့်အညီ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ထံမှ ကော်ပိုရိတ်အာမခံကိုယ်စားလှယ် လိုင်စင်ရယူရမည်။

၁၈။ ကော်ပိုရိတ်အာမခံကိုယ်စားလှယ်လိုင်စင်ထုတ်ပေးရန် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က အကြောင်းပြချက် ဖြင့် ငြင်းပယ်ပါက ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် ငြင်းပယ်ခံရသော ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းထံ အကြောင်းကြားရမည်။

## ကော်ပိုရိတ်အာမခံကိုယ်စားလှယ်ခန့်အပ်ခြင်းစာချုပ်

၁၉။ အာမခံကုမ္ပဏီနှင့် ကော်ပိုရိတ်အာမခံကိုယ်စားလှယ်တို့သည် အာမခံရောင်းချရန် ဆွဲဆောင်စည်းရုံးခြင်း၊ ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်းနှင့် ပရီမီယံကောက်ခံပေးခြင်းတို့မပြုမီ ကိုယ်စားလှယ်ခန့်အပ်ခြင်းစာချုပ်ချုပ်ဆိုရမည်။

၂၀။ အာမခံကုမ္ပဏီနှင့် ကော်ပိုရိတ်အာမခံကိုယ်စားလှယ်တို့အကြား ချုပ်ဆိုမည့် ကိုယ်စားလှယ်ခန့်အပ်ခြင်းစာချုပ်အား ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ ကြိုတင်တင်ပြရမည်။

၂၁။ ကော်ပိုရိတ်အာမခံကိုယ်စားလှယ်သည် အာမခံကုမ္ပဏီနှင့် ချုပ်ဆိုထားသည့် ကိုယ်စားလှယ်ခန့်အပ်ခြင်းစာချုပ်နှင့်အညီ ၎င်း၏ကိုယ်စားလှယ်များက ဆောင်ရွက်သော လုပ်ငန်းများကို စောင့်ကြည့်စစ်ဆေးရန်၊ ထိန်းချုပ်ရန်နှင့် အဖွဲ့အစည်းကိုယ်စား အာမခံဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ပေးသော ကိုယ်စားလှယ်များအား အာမခံအသိပညာနှင့် ကျွမ်းကျင်မှု စဉ်ဆက်မပြတ်တိုးတက်စေရေး ဆောင်ရွက်ပေးရန် တာဝန်ရှိသည်။

၂၂။ အာမခံကုမ္ပဏီသည် ကော်ပိုရိတ်အာမခံကိုယ်စားလှယ်ခန့်အပ်ခြင်းစာချုပ်၏ တစ်စိတ်တစ်ဒေသရုတ်သိမ်းခြင်း သို့မဟုတ် ကိုယ်စားလှယ်ခန့်အပ်ခြင်းစာချုပ် ဖျက်သိမ်းခြင်း ဖြစ်ပါက ရုတ်သိမ်းသည့်နေ့ သို့မဟုတ် ဖျက်သိမ်းသည့်နေ့မှစ၍ (၅) ရက်အတွင်း ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ တင်ပြရမည်။

## ကိုယ်စားလှယ်များ၏ မှတ်ပုံတင်စာရင်း

၂၃။ အာမခံကိုယ်စားလှယ်အရည်အချင်း စစ်ဆေးရေးစင်တာသည် ကိုယ်စားလှယ်စာရင်းအား မှတ်တမ်းတင် ထိန်းသိမ်းရန် သင့်လျော်သော သတင်းအချက်အလက်နည်းပညာစနစ် (Information Management System) ကို ထူထောင်ထားရှိရမည်။

၂၄။ အာမခံကိုယ်စားလှယ် အရည်အချင်းစစ်ဆေးရေးစင်တာသည် မှတ်ပုံတင်စာရင်းနှင့် အခြား သတင်းအချက်အလက်များကို မြန်မာနိုင်ငံအာမခံအသင်းမှတစ်ဆင့် ငွေရေးကြေးရေးကြီးကြပ် စစ်ဆေးရေးဦးစီးဌာနသို့ တင်ပြရမည်။

၂၅။ အာမခံကုမ္ပဏီသည် အာမခံကိုယ်စားလှယ်အရည်အချင်းစစ်ဆေးရေးစင်တာက တောင်းခံသော သတင်းအချက်အလက်များနှင့်တကွ ကိုယ်စားလှယ်များအားလုံး၏ စာရင်းအပြည့်အစုံကို တင်ပြရမည်။

၂၆။ မြန်မာနိုင်ငံအာမခံအသင်းသည် အာမခံကိုယ်စားလှယ်အရည်အချင်းစစ်ဆေးသည့်စင်တာက အာမခံကိုယ်စားလှယ်များ မှတ်ပုံတင်ရန် လိုအပ်သောအချက်များနှင့် လျှောက်လွှာပုံစံကို သတ်မှတ် ပေးရမည်။

၂၇။ မှတ်ပုံတင်စာရင်းတွင် အောက်ပါအချက်များ ပါဝင်ရမည် -

(က) အာမခံကိုယ်စားလှယ်အတွက်-

(၁) တရားဝင်အမည်၊

(၂) မွေးသက္ကရာဇ်၊

(၃) နိုင်ငံသား၊

(၄) မြန်မာနိုင်ငံရှိ လိပ်စာ၊

(၅) အာမခံကိုယ်စားလှယ်လုပ်ငန်းအပြင် အဓိက စီးပွားရေးလုပ်ငန်းများ၊

(၆) အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှ ထုတ်ပေးထားသော ကိုယ်စားလှယ် အရည်အချင်းစစ် စာမေးပွဲ အောင်မြင်ကြောင်း အသိအမှတ်ပြုလက်မှတ်နှင့် ကိုယ်စားလှယ်လုပ်ငန်း လိုင်စင်တို့၏ မိတ္တူမှန်များ၊

(၇) ကိုယ်စားလှယ်ခန့်အပ်ခြင်း သဘောတူညီချက်တွင်ပါဝင်သော ချိတ်ဆက် လုပ်ကိုင်သည့် အာမခံကုမ္ပဏီတစ်ခု (သို့မဟုတ်) အာမခံကုမ္ပဏီများ၊

(၈) ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနက လိုအပ်သော အခြား သတင်းအချက်အလက်များ။

(ခ) ကော်ပိုရိတ်အာမခံကိုယ်စားလှယ်အတွက် -

(၁) ကုမ္ပဏီအမည် နှင့် ဖွဲ့စည်းတည်ထောင်သည့်နေ့စွဲ၊ (ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီ များ ညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့်အမှတ်)

(၂) ရုံးချုပ်လိပ်စာနှင့် တာဝန်ခံကိုယ်စားလှယ်အမည်၊

(၃) ဒါရိုက်တာအဖွဲ့ဝင်များ၏ အမည်နှင့်လိပ်စာ၊

(၄) အာမခံဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်မည့် အာမခံကိုယ်စားလှယ်များစာရင်း၊

(၅) အာမခံကိုယ်စားလှယ်လုပ်ငန်းအပြင် အဓိကစီးပွားရေးလုပ်ငန်းများ၊

(၆) ကိုယ်စားလှယ်ခန့်အပ်ခြင်း စာချုပ်တွင် ပါဝင်သော ချိတ်ဆက်လုပ်ကိုင်နေသည့် အာမခံကုမ္ပဏီ (သို့မဟုတ်) အာမခံကုမ္ပဏီများ၊

(၇) ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနက သတ်မှတ်သော အခြားကိစ္စရပ်များ။

၂၈။ မြန်မာနိုင်ငံအာမခံအသင်းသည် အာမခံကိုယ်စားလှယ်များ၏ ပုဂ္ဂိုလ်ရေးရာအချက်အလက်များနှင့် ပိုင်ဆိုင်မှုအချက်အလက်များကို လုံခြုံစွာ ထိန်းသိမ်းရမည်။

၂၉။ မြန်မာနိုင်ငံအာမခံအသင်းသည် ငွေရေးကြေးရေးကြီးကြပ် စစ်ဆေးရေးဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် ကိုယ်စားလှယ်များ၏ အမည်၊ လိပ်စာ၊ လိုင်စင်နေ့စွဲ၊ ချိတ်ဆက် လုပ်ကိုင်နေသော အာမခံကုမ္ပဏီများစာရင်းကို ၎င်း၏ အင်တာနက်စာမျက်နှာနှင့် ဝက်ဆိုဒ်များတွင် တရားဝင် ထုတ်ပြန်ထားရမည်။

**ကော်မရှင်ခများ**

၃၀။ အာမခံကုမ္ပဏီများသည် ကိုယ်စားလှယ်များအား ကော်မရှင်ခပေးအပ်ရာတွင် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က သတ်မှတ်ထားသည့် ကော်မရှင်ခနှုန်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

**အာမခံကုမ္ပဏီ၏ တာဝန်ရှိမှု**

၃၁။ အာမခံကုမ္ပဏီ၏ တာဝန်ရှိမှုများမှာ အောက်ပါ အတိုင်းဖြစ်သည်-

(က) အာမခံကုမ္ပဏီသည် အာမခံကိုယ်စားလှယ်က ပေါ်လစီရှင်ထံ ဆွဲဆောင်စည်းရုံးခြင်းကြောင့် ဖြစ်ပေါ်လာသော မည်သည့်ဆုံးရှုံးနစ်နာမှုများအတွက်မဆို တာဝန်ရှိသည်။

(ခ) အာမခံကုမ္ပဏီသည် သက်ဆိုင်ရာ အာမခံကိုယ်စားလှယ်မှ စိုက်ထုတ်သုံးစွဲထားငွေအား ပြန်လည်တောင်းခံခြင်းကို တားမြစ်ပိတ်ပင်ခြင်း မပြုရ။

(ဂ) အာမခံကုမ္ပဏီများ၊ အာမခံအကျိုးဆောင်များနှင့် လျော်ကြေးညှိနှိုင်းသူများ၏ စီမံခန့်ခွဲမှုနှင့် စာရင်းစစ်အကြီးအကဲများနှင့် ၎င်းတို့ကိုယ်စား လက်မှတ်ရေးထိုးခွင့်ရှိသော ပုဂ္ဂိုလ်များသည် ကော်ပိုရိတ်အာမခံကိုယ်စားလှယ်၏ ဒါရိုက်တာဘုတ်အဖွဲ့တွင်လည်းကောင်း၊ စာရင်းစစ်ကော်မတီတွင်လည်းကောင်း တာဝန်ထမ်းဆောင်ခြင်း မပြုရ။ ထို့ပြင် ကော်ပိုရိတ်အာမခံကိုယ်စားလှယ်နှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်သူအဖြစ်လည်းကောင်း၊ အခကြေးငွေရယူ၍ လုပ်ငန်းဆောင်ရွက်ပေးသူ အဖြစ်လည်းကောင်း၊ ဆောင်ရွက်ခြင်းမပြုရ။

**အာမခံကိုယ်စားလှယ်များ၏ တာဝန်ရှိမှု**

၃၂။ အာမခံကိုယ်စားလှယ်များသည် အာမခံဝယ်ယူသူများအား အောက်ပါအချက်များကို ထုတ်ဖော်ပြောကြားရမည်-

(က) အာမခံကုမ္ပဏီများနှင့် အာမခံဝယ်ယူသူများအကြား အာမခံပေါ်လစီဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ၊

(ခ) အာမခံပေါ်လစီထုတ်ပေးမည့် အာမခံကုမ္ပဏီနှင့် အာမခံကိုယ်စားလှယ်ကြား ဆက်နွှယ်မှုများနှင့်

(ဂ) အာမခံကုမ္ပဏီမှ အာမခံပေါ်လစီ ရောင်းချခြင်းအတွက် ရရှိနိုင်မည့် အခကြေးငွေ ဆိုင်ရာ အချက်အလက်များ။

**အာမခံကုမ္ပဏီနှင့် ကော်ပိုရိတ်အာမခံကိုယ်စားလှယ်တို့အကြား စာရင်းရှင်းလင်းခြင်း**

၃၃။ အာမခံကုမ္ပဏီနှင့် ကော်ပိုရိတ်အာမခံကိုယ်စားလှယ်များအကြား ကိုယ်စားလှယ်ခန့်အပ်ခြင်း စာချုပ်အရ အာမခံထားသူမှ ပေးသွင်းထားသည့် ပရီမီယံကြေးအား ကော်ပိုရိတ်အာမခံ ကိုယ်စား လှယ်သည် အာမခံကုမ္ပဏီသို့ (၅) ရက်အတွင်း ပေးသွင်းရမည်။ သို့ရာတွင် အာမခံကုမ္ပဏီသည် ၎င်း၏ကိုယ်စား ပရီမီယံကြေးကောက်ခံရန် ခွင့်ပြုထားသည့် ကော်ပိုရိတ်အာမခံ ကိုယ်စားလှယ် ကြောင့် ဖြစ်ပေါ်လာသော ဆုံးရှုံးမှုများကို တာဝန်ယူရမည်။

၃၄။ အာမခံကုမ္ပဏီများနှင့် ကော်ပိုရိတ်အာမခံကိုယ်စားလှယ်သည် အနည်းဆုံး သုံးလလျှင် တစ်ကြိမ် စာရင်းရှင်းရမည်။

၃၅။ ကော်ပိုရိတ်အာမခံကိုယ်စားလှယ်သည် အာမခံကုမ္ပဏီတစ်ခုစီအလိုက် ရရန်ရှိသည့် ကော်မရှင်ခများနှင့် ပေးသွင်းရမည့် ပရီမီယံများကို စာရင်းကိုက်ညှိဆောင်ရွက်ရမည်။ ကော်ပိုရိတ် အာမခံကိုယ်စားလှယ်သည် ဘဏ္ဍာရေးရှင်းတမ်းများနှင့် စာရင်းများကို ထိန်းသိမ်းထားရှိရမည်။

**တားမြစ်ချက်များ**

၃၆။ အာမခံကုမ္ပဏီများ၊ ကော်ပိုရိတ်အာမခံကိုယ်စားလှယ်နှင့် အာမခံကိုယ်စားလှယ်အပါအဝင် မည်သူမျှအောက်ပါတို့ကိုဆောင်ရွက်ခြင်းမပြုရ-

(က) အာမခံကိုယ်စားလှယ်လိုင်စင် သို့မဟုတ် ကော်ပိုရိတ် အာမခံကိုယ်စားလှယ် လိုင်စင် မရှိဘဲ အခကြေးငွေ သို့မဟုတ် ကော်မရှင်ရယူပြီး အာမခံပေါ်လစီ တစ်ရပ်ရပ်ကို ဝန်ဆောင်မှုပေးခြင်း၊ ဆွေးနွေးခြင်း နှင့် အကြံဉာဏ် ပေးခြင်း၊

(ခ) အကြောင်းပြချက်တစ်ရပ်ကြောင့် အာမခံကိုယ်စားလှယ်လိုင်စင် ရုတ်သိမ်းခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းခံရသောပုဂ္ဂိုလ်သည် အာမခံလုပ်ငန်းအဖွဲ့ အစည်းတစ်ရပ်ရပ်တွင် ပါဝင်ခြင်း၊

(ဂ) အာမခံလုပ်ငန်းလုပ်ကိုင်ရာတွင် လက်ခံရရှိသော ငွေကြေး သို့မဟုတ် ပစ္စည်းများကို မလျော်မကန် ချုပ်ကိုင်ထားခြင်း၊ အလွဲသုံးစားပြုလုပ်ခြင်း သို့မဟုတ် ပြောင်းလဲခြင်း၊

(ဃ) အမှန်တကယ်ချုပ်ဆိုသော သို့မဟုတ် ချုပ်ဆိုရန်အဆိုပြုထားသော အာမခံစာချုပ် သို့မဟုတ် အာမခံအဆိုပြုလွှာပါ စည်းကမ်းချက်များအား ရည်ရွယ်ချက်ဖြင့် မှားယွင်းစွာ ဖော်ပြခြင်း၊

(င) အာမခံထားလိုသူများ၊ပေါ်လစီရှင်များ သို့မဟုတ် အာမခံထားရှိသူများသို့ လွဲမှားသော သတင်းအချက်အလက်များ ပေးအပ်ခြင်း သို့မဟုတ် အာမခံထားသူများ၏ ဆုံးဖြတ်ချက်အပေါ် သက်ရောက်မှုရှိနိုင်သည့် အရေးကြီးသော အချက်အလက်များကို ထုတ်ဖော်ပြောကြားရန် သို့မဟုတ် ရှင်းလင်းပြောကြားရန် ပျက်ကွက်ခြင်း၊

(စ) အာမခံစာချုပ်အပေါ် အကျိုးသက်ရောက်နိုင်သည့် အရေးပါသော အချက်အလက်များအား အာမခံထားလိုသူများက အာမခံကုမ္ပဏီများသို့ သတင်းပေးပို့ခြင်းကို တားမြစ်ခြင်း၊

(ဆ) အာမခံစာချုပ်အပေါ် အကျိုးသက်ရောက်စေနိုင်သည့် မှားယွင်းသော အချက်အလက်များအား အာမခံထားလိုသူများက အာမခံကုမ္ပဏီများသို့ သတင်းပေးပို့ရန် တိုက်တွန်းခြင်း၊

(ဇ) အာမခံထားရှိသူများအပေါ် ဆိုးကျိုးဖြစ်စေမည့် အချက်အလက်များကို အသိပေးခြင်းမရှိဘဲ လက်ရှိအာမခံပေါ်လစီကို ရပ်စဲရန် သို့မဟုတ် ပယ်ဖျက်ရန်နှင့် အာမခံပေါ်လစီအသစ်ကို အဆိုပြုရန် တိုက်တွန်းခြင်း၊

(ဈ) အာမခံထားလိုသူ သို့မဟုတ် အာမခံထားရှိသူ သို့မဟုတ် အများပြည်သူကို အာမခံစာချုပ်ချုပ်ဆိုရန် အရေးပါသော ဆုံးဖြတ်ချက်ဖြစ်ပေါ်စေသည့် မှားယွင်းသော အချက်အလက်များ ပံ့ပိုးခြင်း၊

(ည) အာမခံလုပ်ငန်းနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းသို့မဟုတ် အာမခံအဆိုပြုလွှာတွင် အခြားသူတစ်ဦး၏အမည်ဖြင့် ပြောင်းလဲပြုလုပ်ခြင်း၊

(ဋ) အာမခံလုပ်ငန်းဆောင်ရွက်ရာတွင် ငွေရေးကြေးရေးအားဖြင့် တာဝန်မယူခြင်း သို့မဟုတ် အယုံအကြည်ကင်းမဲ့အောင် ဆောင်ရွက်ခြင်း၊ လုပ်ငန်းကျွမ်းကျင်မှု မရှိခြင်း၊ မရိုးမသား ဆောင်ရွက်ခြင်း၊ အကျပ်ကိုင်ခြင်း၊ လိမ်လည်ခြင်း၊

(ဌ) အာမခံကိုယ်စားလှယ်လိုင်စင်မရှိသည်ကို သိလျက်နှင့် ၎င်း၏အာမခံဝန်ဆောင်မှုကို လက်ခံဆောင်ရွက်ပေးခြင်း၊

(ဍ) သိလျက်နှင့်ဖြစ်စေ၊ တမင်ရည်ရွယ်၍ဖြစ်စေ အာမခံအဆိုပြုလျှောက်လွှာတွင် မှားယွင်း၍ သို့မဟုတ် လိမ်လည်၍ဖော်ပြခြင်း၊ အာမခံလျော်ကြေး တောင်းခံရာတွင် မှားယွင်း၍ သို့မဟုတ် လိမ်လည်၍ တောင်းခံခြင်းနှင့် ထိုသို့တောင်းခံရာတွင် အထောက်အကူပြုစေသည့် ဆုံးရှုံးမှု သက်သေခံအထောက်အထား သို့မဟုတ် အခြားမည်သည့် စာရွက်စာတမ်းကိုမဆို လိမ်လည်၍ သို့မဟုတ် အတုပြုလုပ်၍တင်ပြခြင်း၊

(ဎ) ဝင်ငွေခွန်ပေးဆောင်ရန် ပျက်ကွက်ခြင်း၊

(ဏ) အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က ခွင့်ပြုထားခြင်းမရှိသော အာမခံအမျိုးအစားနှင့် ပတ်သက်၍ စည်းရုံးဆွဲဆောင်ခြင်း၊ ဆွေးနွေးခြင်း သို့မဟုတ် ရောင်းချခြင်း၊

(တ) အာမခံလုပ်ငန်းကို ထိန်းချုပ်ရန် ရည်ရွယ်ချက်ဖြင့် မက်လုံးပေးခြင်း၊ အတင်းအကြပ် စေခိုင်းခြင်း သို့မဟုတ် မလျော်ကန်သော ပြုမူဆောင်ရွက်ခြင်း၊

(ထ) အာမခံကိုယ်စားလှယ်များအား ရိုးသားမှုဖြင့် ဆောင်ရွက်ရသော တာဝန်မှ သွေဖယ် စေမည့် ကိစ္စရပ်များကို ဆောင်ရွက်ရန် အားပေးကူညီခြင်း သို့မဟုတ် အထင်အမြင် မှားစေရန် ဆောင်ရွက်ခြင်း၊

(ဒ) အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့က စည်းမျဉ်းစည်းကမ်းများတွင် သတ်မှတ် ပြဋ္ဌာန်း သည့် အခြားကိစ္စရပ်များ။

**စည်းကမ်းဖောက်ဖျက်မှုကို အစီရင်ခံခြင်း**

၃၇။ အာမခံကုမ္ပဏီအနေဖြင့် ၎င်းနှင့်တွဲဖက်လုပ်ကိုင်နေသော အာမခံကိုယ်စားလှယ် သို့မဟုတ် ကော်ပိုရိတ်အာမခံကိုယ်စားလှယ်သည် ပရီမီယံရငွေများကို အလွဲသုံးစား ပြုလုပ်ခြင်း သို့မဟုတ် အာမခံစာရင်းများ လိမ်လည်ဖော်ပြခြင်း သို့မဟုတ် အခြားပြစ်မှုမြောက်သော လုပ်ရပ်များကို ကျူးလွန်ခြင်းတွင် ပါဝင်ပတ်သက်သည်ဟု ခိုင်လုံသည့် အကြောင်းပြချက်ရှိပါက အစီရင်ခံစာပြုစုပြီး ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ ချက်ချင်းပေးပို့ရမည်။

**စာရွက်စာတမ်းများထိန်းသိမ်းခြင်း**

၃၈။ အာမခံကုမ္ပဏီများနှင့်ကော်ပိုရိတ်အာမခံကိုယ်စားလှယ်များသည် လက်ခံရရှိသော စာရွက် စာတမ်းများ၊ အစီရင်ခံစာများ၊ မှတ်တမ်းများနှင့် အထောက်အထားများကို အာမခံထားရှိသူ၏ ဆုံးရှုံးမှုမှကာကွယ်ရန် ထိန်းသိမ်းထားရမည်။

**အာမခံကုမ္ပဏီနှင့် အာမခံကိုယ်စားလှယ်များ ကြီးကြပ်စစ်ဆေးခြင်း**

၃၉။ (က) အာမခံကိုယ်စားလှယ်များသည် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနက တောင်းခံသည့် သတင်းအချက်အလက်များကို သတ်မှတ်ထားသည့် ပုံစံများနှင့်အညီ ပေးပို့ရမည်။

(ခ) အာမခံကိုယ်စားလှယ်တစ်ဦး၏ ဆောင်ရွက်မှုများသည် ဤညွှန်ကြားချက်အပါအဝင် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှ ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များ ကို လိုက်နာရန်ပျက်ကွက်ကြောင်းတွေ့ရှိပါက ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနသည် ၎င်းဆောင်ရွက်ခဲ့သည့် အာမခံဝန်ဆောင်မှုလုပ်ငန်းကိစ္စရပ်များနှင့် သက်ဆိုင်သောစာရင်းဇယားများ၊မှတ်တမ်းများ၊စာရွက်စာတမ်းများနှင့်အခြားအချက် အလက်များကို စစ်ဆေးခြင်း သို့မဟုတ် တောင်းဆိုခြင်းပြုနိုင်သည်။

(ဂ) ကော်ပိုရိတ်အာမခံကိုယ်စားလှယ်သည် ၎င်းအဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်သည့် အာမခံကိုယ်စားလှယ်တစ်ဦး၏ စည်းကမ်းဖောက်ဖျက်မှုများကို သိလျက်နှင့် ပြင်ဆင်ရန် ပျက်ကွက်ခြင်း သို့မဟုတ် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနသို့ အကြောင်းကြားရန် ပျက်ကွက်ခြင်းကို တွေ့ရှိလျှင် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် ကော်ပိုရိတ်အာမခံကိုယ်စားလှယ်လိုင်စင်အား ကန့်သတ်ခြင်း၊ ရုတ်သိမ်းခြင်း သို့မဟုတ် သက်တမ်းတိုးရန် ငြင်းပယ်ခြင်း ပြုလုပ်နိုင်သည်။

(ဃ) အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သည် အာမခံကိုယ်စားလှယ်က ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့် အခြားဥပဒေများကို ဖောက်ဖျက်ခြင်းမရှိစေရန်အတွက် လိုအပ်သည့်အစီအမံများထားရှိရန် ကော်ပိုရိတ်အာမခံကိုယ်စားလှယ်များနှင့် အာမခံကုမ္ပဏီများအား ညွှန်ကြားရမည်။

(င) အောက်ဖော်ပြပါ အခြေအနေများနှင့် ကြုံတွေ့လာပါက အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သည် အာမခံကိုယ်စားလှယ်နှင့် ကော်ပိုရိတ် အာမခံကိုယ်စားလှယ်များကို ပြင်ဆင်ဆောင်ရွက်ရန် ညွှန်ကြားနိုင်သည်-

(၁) တရားမျှတမှုမရှိသည့် ပြုမူဆောင်ရွက်နေသည်ကို တွေ့ရှိရခြင်း၊

(၂) အာမခံထားလိုသူများသို့ လိုအပ်သည့် အချက်အလက်များ မပေးအပ်ခြင်း၊

(၃) ပြည့်စုံလုံလောက်သည့် အာမခံလုပ်ငန်းစဉ်များ မရှိခြင်း၊

(၄) ဌာနတွင်းထိန်းချုပ်မှု၊ ဖိုင်နှင့် စာရွက်စာတမ်းများ စနစ်တကျ ထိန်းသိမ်းမှု မရှိခြင်း၊

(၅) အကျိုးစီးပွားယှက်နွယ်မှုများအား ခွဲခြားသတ်မှတ်နိုင်မှု မရှိခြင်း သို့မဟုတ် စီမံခန့်ခွဲနိုင်မှု မရှိခြင်း၊

(၆) အာမခံဝန်ဆောင်မှုလုပ်ငန်းကို ဆက်လက်ဆောင်ရွက်နိုင်သည့် အခြေအနေ မရှိခြင်း။

(စ) အာမခံကိုယ်စားလှယ်နှင့် ၎င်းနှင့်တွဲဖက်လုပ်ကိုင်သော အာမခံကုမ္ပဏီများအား အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က ချမှတ်သည့် အရေးယူဆောင်ရွက်ချက်များကို လိုက်နာမှု ရှိ / မရှိ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနက စိစစ်သုံးသပ်ရမည်။ အရေးယူဆောင်ရွက်ချက်များကို အပြည့်အဝလိုက်နာမှုမရှိပါက အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့သည် နောက်ထပ်အရေးယူမှုများကို ချမှတ်နိုင်သည်။

(ဆ) ပုဂ္ဂိုလ်တစ်ဦးဦးက တိုင်ကြားသည့်အခါတွင်လည်းကောင်း သို့မဟုတ် အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့က ညွှန်ကြားသည့်အခါတွင်လည်းကောင်း ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် အာမခံကိုယ်စားလှယ် သို့မဟုတ် ကော်ပိုရိတ် အာမခံကိုယ်စားလှယ် သို့မဟုတ် အာမခံကုမ္ပဏီက မမျှတသော နည်းလမ်းဖြင့် ယှဉ်ပြိုင်ဆောင်ရွက်နေခြင်း ရှိ / မရှိ သို့မဟုတ် ဥပဒေ၊ နည်းဥပဒေများ သို့မဟုတ်

အခြားဥပဒေများက တားမြစ်ထားသော လုပ်ငန်းများ ဆောင်ရွက်နေခြင်း ရှိ /မရှိ စုံစမ်းစစ်ဆေးနိုင်သည်။

**အငြင်းပွားမှုဖြေရှင်းခြင်း**

၄၀။ (က) အာမခံကုမ္ပဏီများနှင့် ကော်ပိုရိတ်အာမခံကိုယ်စားလှယ်များသည် ၎င်းတို့ လက်ခံရရှိသော အငြင်းပွားမှုများ သို့မဟုတ်တိုင်ကြားမှုများကို တရားမျှတမှုရှိသောနည်းလမ်းဖြင့် ကိုင်တွယ်ဖြေရှင်းရန် လုပ်ငန်းစဉ်များချမှတ်ရမည်။ တိုင်ကြားမှုတစ်ခုစီအတွက် အရေးယူဆောင်ရွက်ချက်များကို မှတ်တမ်းတင်သိမ်းဆည်းရမည်။

(ခ) အာမခံကုမ္ပဏီများနှင့် ကော်ပိုရိတ်အာမခံကိုယ်စားလှယ်များသည် တိုင်ကြားမှုများကို ဖြေရှင်းဆောင်ရွက်ပေးရမည်ဖြစ်ပြီး ဖြေရှင်းဆောင်ရွက်မှုကို တိုင်ကြားသူထံ ပြန်ကြားပေးရမည်။

(ဂ) အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သည် တိုင်ကြားမှုကို ဖြေရှင်းခြင်းနှင့်စပ်လျဉ်း၍ လိုအပ်လျှင် ညွှန်ကြားချက်ထုတ်ပြန်နိုင်ပြီး အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

**အရေးယူခြင်း**

၄၁။ ဤညွှန်ကြားလွှာ၏ အပိုဒ် ၃၆ ပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်သည့် အာမခံကိုယ်စားလှယ်၊ ကော်ပိုရိတ်အာမခံကိုယ်စားလှယ်နှင့် အာမခံကုမ္ပဏီများသည် အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မ ၂၆၊ ပုဒ်မ ၂၇ နှင့် ပုဒ်မ ၂၈ တို့နှင့်အညီ အရေးယူခြင်းခံရမည်။

**အထွေထွေ**

၄၂။ ဤညွှန်ကြားချက်မထုတ်မီ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က ခွင့်ပြုထားသော လိုင်စင်ရရှိထားသည့် လက်ရှိအာမခံကိုယ်စားလှယ်များသည် အာမခံကိုယ်စားလှယ်သင်တန်းကျောင်းမှ ဖွင့်လှစ်သော ကိုယ်စားလှယ်များ စဉ်ဆက်မပြတ်လေ့လာသင်ယူမှုသင်တန်းတွင် သတ်မှတ်နာရီပြည့်မီအောင် တက်ရောက်ရမည်ဖြစ်ပြီး ဤညွှန်ကြားချက်ပါ လိုအပ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

မောင်မောင်ဝင်း
ဥက္ကဋ္ဌ
အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့

စာအမှတ်၊ FRD / IBRB (၀၂/ ၂၀၂၀)

ရက်စွဲ ၊ ၂၀၂၀ ခုနှစ် မတ်လ ၄ ရက်

ဖြန့်ဝေခြင်း

စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဝင်များ

ပြည်တွင်းအာမခံကုမ္ပဏီများ

နိုင်ငံခြားအသက်အာမခံကုမ္ပဏီများ

ဖက်စပ်အာမခံကုမ္ပဏီများ

မြန်မာနိုင်ငံအာမခံအသင်း

မြန်မာနိုင်ငံဘဏ်များအသင်း

မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများကူညီမှုအသင်း

အမိန့်အရ

၆/၃/၂၀၂၃

(ဇော်နိုင်)

အတွင်းရေးမှူး

အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့